# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားခြင်း အကြောင်းသိကောင်းစရာ

Government of South Australia
Department for Education

Burmese / မြန်မာ

ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားခြင်းဆိုသည်မှာ မလုံခြုံသော အပြုအမူ သို့မဟုတ် ပညာသင်ကြားရေးနှင့် သင်ယူရေး၌ အနှောက်အယှက်ဖြစ်စေသည့် အပြုအမူရှိသော ကျောင်းသားနှင့်ပတ်သက်၍ အချိန်တို တုံ့ပြန်မှုတစ်ရပ်ဖြစ်သည်။

ကျောင်းသားတစ်ဦးအား ဆိုင်းငံ့ထားသည့်အခါ ၁ ရက်မှ ၅ ရက်အကြား ကျောင်းမတက်ရပါ။

ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးက ဤ ဆိုင်းငံ့ထားသည့် ဆုံးဖြတ်ချက်ကို ချမှတ်သည်။

ကျောင်းသားတစ်ဦးကို ပညာရေး ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်မရဘဲ ပြက္ခဒိန်နှစ် တစ်နှစ်တွင် ၁၅ ရက်ကျော် သို့မဟုတ် သီးခြား ၄ ကြိမ် ဆိုင်းငံ့ထား၍ မရနိုင်ပါ။

## အကယ်၍ ကျွန်ုပ် ကလေးအား ဆိုင်းငံ့ထားလျှင် ဘာလုပ်ရမည်နည်း။

သင့်ကလေးအား ဆိုင်းငံ့ထားရခြင်းအတွက် အဘယ်ကြောင့် ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည်ကို သင့်အား ရှင်းပြရန်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို ပြောပြရန် ကျောင်းသည် သင့်အား ဆက်သွယ်ပါမည်။

ဘက်စုံမှ အကြောင်းချင်းရာကို နားထောင်ရန် အရေးကြီးပါသည်။ ဤသို့ဖြင့် အထောက်အကူပြုနိုင်သည်မှာ -

- စိတ်တည်ငြိမ်အောင်ထားရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို သင့်ကလေးနှင့်ပြောဆိုရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ကျောင်းနှင့်ပြောဆိုရန်

ဆိုင်းငံ့ထားခြင်းကာလ ပြီးဆုံးပြီးနောက် သင့်ကလေး ကျောင်းပြန်တက်ရန်အတွက် ကျောင်းနှင့်သင့်ကလေး အတူလုပ်ဆောင်ပါ။

## ကျောင်းအုပ်ကြီး ဆိုင်းငံ့ခြင်းကို သုံးသည့်အကြောင်းရင်းများ

ဆိုင်းငံ့ထားခြင်းဆိုသည်မှာ မလုံခြုံသော အပြုအမူ သို့မဟုတ် ပညာသင်ကြားရေးနှင့် သင်ယူရေး၌ အနှောက်အယှက်ဖြစ်စေသည့် အပြုအမူရှိသော ကျောင်းသားနှင့်ပတ်သက်၍ အချိန်တို တုံ့ပြန်မှုတစ်ရပ်ဖြစ်သည်။

ကျောင်းအုပ်ကြီးသည် ဆိုင်းငံ့ထားခြင်းကို အသုံးပြုသည်မှာ-

- ကျောင်းအား လူတိုင်းအတွက် လုံခြုံပြီး ကောင်းမွန်သော ပညာသင်ယူရာနေရာများဖြစ်စေရန်အတွက် အထောက်အကူပြုရန်
- ကျောင်းသားအား လုံခြုံစွာနှင့် ကောင်းမွန်စွာ ပြုမူစေရန်အတွက် အခြား အရာများက အထောက်အကူပြုပေးခြင်း မရှိသည့်အခါ
- အနာဂတ်ကာလ၌ လုံခြုံပြီး ကောင်းမွန်သော အပြုအမူကို ပံ့ပိုးပေးရန် ဖြစ်စေလိုသည့် လိုအပ်သောအရာများကို ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသား၊ ၎င်းတို့၏ မိဘများနှင့် စောင့်ရှောက်သူများအား အထောက်အကူပြုစေရန်

## ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို စုဆောင်းခြင်း

ဖြစ်ပျက်ခဲ့သည်ကို ကျောင်းအုပ်ကြီး နားလည်စေမည့် အကြောင်းချင်းရာကို ကျောင်းက စုဆောင်းပါမည်။

သင့်ကလေး၏ သဘောထားအမြင်ကိုလည်း ၎င်းတို့က စူးစမ်းပါမည်။

ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်၍ သင့်ကလေး၏ ယူဆချက်အမြင်ကို မည်သည့်အချိန်အခါနှင့် မည်သို့ ပြောပြနိုင်သည်ကို ကျောင်းအနေဖြင့် အကောင်းဆုံး အဆင်ပြေသလို ဆောင်ရွက်ပါမည်။

## ကျောင်းအုပ်ကြီးက ဆုံးဖြတ်ချက် ချမှတ်ပုံ

ကျောင်းအုပ်ကြီးသည် မျှတသော ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ ဆုံးဖြတ်ချက်ကို မချမှတ်မီ ကျောင်းအုပ်ကြီးအနေဖြင့် အရာအများအပြားကို ထည့်သွင်းစဥ်းစားရန်လိုအပ်ပါသည်။ ဥပမာ-

- အခြားသူများထံမှ အကြောင်းအချက်အလက်များ
- သင့်ကလေး၏ သဘောထားအမြင်
- အပြုအမူ၏ ပြင်းထန်မှုနှင့် မည်မျှအကြိမ်ရေ ဖြစ်ပျက်မှု
- သင့်ကလေး၏ လိုအပ်ချက်များနှင့် လုံခြုံစွာနှင့်ကောင်းမွန်စွာပြုမူရန်အတွက် ၎င်းအား ပံ့ပိုးပေးထားသည့် ပံ့ပိုးမှု။

## ဥပဒေက ပြဋ္ဌာန်းထားသည့်အရာ

ဥပဒေ (ပညာရေးနှင့် ကလေးများ ဝန်ဆောင်မှု အက်ဥပဒေ ၂၀၁၉ (Education and Children's Services Act 2019)) ကပြဋ္ဌာန်းထားသည်မှာ ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းသားက အောက်ပါကိစ္စကို ပြုမူသည်ဟု ယုံကြည်လျှင် ကျောင်းတက်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်ဟု ဆိုသည်-

- အကြမ်းဖက်ခြင်း သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း
- ကျောင်းသား၊ ကျောင်းဝန်ထမ်း သို့မဟုတ် ကျောင်းနှင့်စပ်လျဉ်းသည့် အခြားသူတစ်ဦး၏ လုံခြုံရေး သို့မဟုတ် သာယာဝပြောရေးကို ခြိမ်းခြောက်သည့်နည်းလမ်းဖြင့် ပြုမူခြင်း (ဥပမာ၊ နိုင်ထက်စီးနင်းခြင်း၊ လိင်ပိုင်းနှောင့်ယှက်ခြင်း၊ နှုတ်ဖြင့် ဆဲဆိုခြင်း၊ လူမျိုးရေးနှိပ်စက်ခြင်း)
- ဥပဒေနှင့်ဆန့်ကျင်၍ ပြုမူလုပ်ဆောင်ခြင်း
- ပညာသင်ကြားရေးနှင့် သင်ယူရေးကို နှောင့်ယှက်ခြင်း။
- အပြုအမူနှင့် စပ်လျဉ်းသည့် ကျောင်းစည်းမျဉ်းများကို အကြိမ်ကြိမ် ဖောက်ဖျက်ခြင်း
- မိမိ၏ ကျောင်းစာများအပေါ် အကြိမ်ကြိမ် တမင်တကာ အရေးမပေးခြင်း သို့မဟုတ် စိတ်မဝင်စားခြင်း

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားခြင်း အကြောင်းသိကောင်းစရာ

## သင့်အား ကျောင်းက ဆက်သွယ်ပါမည်

ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သည့် ဝန်ထမ်းတစ်ဦးသည် သင့်ကလေးအား ကျောင်းတက်ခြင်းမှ ဆိုင်းငံထားမည့်အမိန့်ချမှတ်ပြီးနောက် သင့်အား အမြန်ဆုံး ဆက်သွယ်ပါမည်။

သူတို့သည် သင်နှင့်သင့်ကလေးနှင့်အတူ အောက်ပါအကြောင်းကို ပြောဆိုပါမည်-

- ဆိုင်းငံ့ထားခြင်းအတွက် အကြောင်းရင်းများ
- ဆိုင်းငံ့ထားမည့် အချိန်ကာလ အတိုင်းအတာ
- ကျောင်းမှဆိုင်းငံ့ထားသည့် ကာလအတွင်း သင့်ကလေးသည် ကျောင်းဝင်းအတွင်း မလာရောက်နိုင်ပါ
- ကျောင်းသည် စာဖြင့်ရေးသားထားသည့် စာတစ်စောင်နှင့် ဤအချက်အလက်စာစောင်ကို သင့်အား ပေးပါမည်
- အောက်ပါကိစ္စများဆောင်ရွက်ရန် သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျင်းပပါမည်
- ပြန်ဆက်သွယ်မည့် စည်းဝေးပွဲ၌ ဘာကိုမျှော်လင့်ရမည် ဥပမာ- စည်းဝေးပွဲတွင် မည်သူတက်ရောက်မည်
- သင့်အနေဖြင့် ပံ့ပိုးပေးသူတစ်ဦး သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို ကြားနာမည့် စည်းဝေးပွဲသို့ ခေါ်ဆောင်လာနိုင်သည် ကျောင်းအနေဖြင့်လည်း သင်လိုလားလျှင် ကျောင်းမှကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို သင့်အတွက် ဆောင်ရွက်ပေးနိုင်ပါသည်။
- အကယ်၍ ဆိုင်းငံ့ထားခြင်း ကာလမှာ ၄ ရက် သို့မဟုတ် ၅ ရက်ဖြစ်ပါက ကျောင်းဝန်ထမ်းတစ်ဦးသည် ဆိုင်းငံ့ကာလအတွင်း ကျောင်းနှင့်ဆက်သွယ်နေရန် သင့်ကလေးအာ (ဥပမာ ဖုန်းဖြင့်) ဆက်သွယ်ပါမည်။

## ဆိုင်းငံ့ထားစဉ် အတွင်း

သင့်ကလေးသည် အိမ်၌ သင်၏စောင့်ရှောက်မှုအောက်တွင် နေရပါမည်။

ဤဆိုင်းငံ့ထားစဉ်ကာလအတွင်း ကျောင်းသည် သင့်ကလေးအား ကျောင်းစာများ ပေးမည် မဟုတ်ပါ။

အကယ်၍ သင့်ကလေးအတွက် အကျိုးရှိမည်ဆိုလျှင် ကျောင်းစာပေးရန် ကျောင်းက ဆုံးဖြတ်နိုင်သည်။

## ပြန်လည်ဆက်သွယ်မည့် စည်းဝေးပွဲ

အောက်ပါကိစ္စများဆောင်ရွက်ရန် သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျင်းပပါမည်-

ပြန်လည်ဆက်သွယ်မည့် စည်းဝေးပွဲကို အောက်ပါလူများဖြင့် ကျင်းပမည်-

- သင်
- သင့်ကလေး
- ကျောင်းဝန်ထမ်း။

ပြန်လည်ဆက်သွယ်မည့် စည်းဝေးပွဲမှာ သင့်ကလေး၏ လိုအပ်ချက်များကို နားလည်စေရန် ထို့ပြင်-

- လုံခြုံပြီး ကောင်းသောအပြုအမူကို ပံ့ပိုးပေးရန်အတွက် အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန် (သို့မဟုတ် ရှိပြီးသား အစီအစဉ်တစ်ရပ်ကို အသစ်ပြင်ဆင်ရန်)
- အပြုအမူကြောင့် ထိခိုက်ခဲ့သည့် ဆက်ဆံရေးများကို ပြန်ပြုပြင်ပေးရန်
- သင့်ကလေးအား အထောက်အကူပြုမည့် ပံ့ပိုးမှုများကို ဖော်ထုတ်ရန်တို့ဖြစ်သည်။

သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို အကယ်၍ သင် မတက်ရောက်နိုင်ပါက-

- စည်းဝေးပွဲ လုပ်နိုင်သည့်အချိန်တိုင်အောင် ပညာသင်ယူရန်အစီအစဉ် နောက်တစ်နည်းအတွက် သင့်ကလေး ကျောင်းပြန်တက်ပါမည်

သို့မဟုတ်

- အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အခြား နည်းတစ်နည်းနည်းဖြင့် အသစ်ရေးဆွဲပါမည် သို့မဟုတ် အသစ်ပြင်ဆင်ပါမည်။

## အပြုအမူ ပံ့ပိုးရေး အစီအစဉ်

သင့်ကလေး၏ လုံခြုံပြီး အပြုသဘောဆောင်သော အပြုအမူကို ပံ့ပိုးပေးရန်အတွက် အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲပေးပါမည်။ အစီအစဉ်တွင် ပါဝင်သင့်သည်မှာ-

- လုံခြုံပြီး အပြုသဘောဆောင်သည့် အပြုအမူအတွက် သင့်ကလေး လိုအပ်သည့် ကျွမ်းကျင်မှုများ
- ဤကျွမ်းကျင်မှုများကို သင့်ကလေး လေ့လာဆည်းပူးပုံနှင့် ကူညီပေးမည့်သူများ
- သင့်ကလေး ကျွမ်းကျင်မှုများကို လေ့လာဆည်းပူးနေစဉ်နှင့် လေ့ကျင့်နေစဉ် အစစအရာရာ ဘေးကင်းပြီး ကောင်းမွန်နေနိုင်ပုံ
- သင့်ကလေး တိုးတက်လာနေကြောင်းကို လူတိုင်းက သိရှိမည့်နည်းလမ်း
- အနာဂတ်ကာလ၌ သင့်ကလေး၏ အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်စရာ
- ဖြစ်လာလျှင် သင့်ကလေးအား ပံ့ပိုးပေးမည့်နည်းလမ်း
- လူတိုင်း၏ အခန်းကဏ္ဍတို့ဖြစ်ကြသည်။

အကယ်၍ သင့်ကလေးတွင် အစီအစဉ် တစ်ခု (One Plan) ရှိပြီးဖြစ်လျှင် အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အဆိုပါ အစီအစဉ်တွင် ထည့်သွင်းပေးနိုင်သည်။

## အရေးကြီးသော အခြား သတင်းအချက်အလက်များ

### အလားတူ အပြုအမူအတွက် ကလေးများကို ကွဲပြားခြားနားစွာ လုပ်ဆောင်ပေးနိုင်သည်

ကျောင်းသား၏ အပြုအမူအပေါ် အကောင်းဆုံး တုံ့ပြန်မှုနှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည့်အခါ အရာရာတိုင်းကို ကြည့်ရှုပြီး ကျောင်းသား၏ ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။ ကလေးနှစ်ဦးမှာ အလားတူ ပြုမူခဲ့နိုင်သည် သို့သော် ကလေးတစ်ဦးစီကို မတူကွဲပြားစွာ လုပ်ဆောင်ပေးခြင်းမှာ မျှတနိုင်ပါသည်။ ဥပမာ- ကလေး ၂ ဦး ခိုက်ရန်ဖြစ်ပွားခဲ့လျှင် ၁ ဦးကို ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားနိုင်ပြီး အခြား တစ်ယောက်ကို ထိုသို့မလုပ်ပါ။

### ကျောင်းတွင် ဖြစ်ပွားခြင်းမရှိသည့် အပြုအမူ

ကျောင်းချိန်ပြင်ပနှင့် ကျောင်းပရဝန်ပြင်ပ၌ ဖြစ်ပွားခဲ့သော အပြုအမူအတွက် အကယ်၍ သင့်ကလေး၏ အပြုအမူနှင့် ကျောင်း သို့မဟုတ် ကျောင်းဆက်ဆံရေးများအကြား သင့်တင့်လျောက်ပတ်သော အဆက်အစပ်ရှိပါက သင့်ကလေးကို ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားနိုင်ပါသည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားခြင်း အကြောင်းသိကောင်းစရာ

## သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် ကျောင်းပရဝုဏ်အတွင်း မနေနိုင်ပါ

သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် ကျောင်းပရဝုဏ်အတွင်း နေခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။ အကယ်၍ ဆိုင်းငံ့ထားစဉ် သင့်ကလေး ကျောင်းပရဝုဏ်အတွင်း လာရောက်ပါက ၎င်းသည် ရာဇဝတ်မှု ကျူးလွန်သည်။

သင့်ကလေးသည် ပြန်လည်ဆက်သွယ်မည့် စည်းဝေးပွဲတက်ရောက်ရန် ကျောင်းဝင်းသို့ လာရောက်နိုင်သည်။

အကယ်၍ ကျောင်းပရဝုဏ်တွင်း လာရောက်ရန် သင့်ကလေးတွင် အခြား ကောင်းသော အကြောင်းရင်းများရှိပါက၊ ဥပမာ-

- ကျောင်းပရဝုဏ်အတွင်း ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကို ရယူရန်
- ကျောင်းအုပ်ကြီးက စာဖြင့်ရေးသား အတည်ပြုပေးနိုင်မည့်

သဘောတူထားသော ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို တက်ရောက်ရန်။

## အခြားကျောင်းတွင် အပ်နှံခြင်း

သင်သည် သင့်ကလေးအား ဆိုင်းငံ့ထားစဉ် အခြားကျောင်းတစ်ကျောင်း၌ အပ်နှံ၍ မရနိုင်ပါ။ အကယ်၍ ဆိုင်းငံ့ထားခြင်းကာလ ပြီးဆုံးပြီးနောက် သင့်ကလေးကို အခြားကျောင်းသစ်တစ်ကျောင်း၌ အပ်နှံမည်ဆိုပါက သင့်ကလေး၏ အပြုအမူအတွက် ပံ့ပိုးမှု လိုအပ်နေသေးသည်။ လက်ရှိ ကျောင်းအုပ်ကြီးနှင့် ကျောင်းသစ်ကျောင်းအုပ်ကြီးတို့သည် သင့်ကလေး၏ အပြုအမူအကြောင်း ပြောဆိုကြမည်ဖြစ်ပြီး ကျောင်းနှစ်ကျောင်းလုံး၊ သင်နှင့် သင့်ကလေးတို့အကြား အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ပူးပေါင်း၍ရေးဆွဲပါလိမ့်မည်။

## အကယ်၍ သင်သည် သင့်ကလေးအား ကျောင်းအုပ်ကြီး၏ ဆိုင်းငံ့ခြင်း ဆုံးဖြတ်ချက်ကို မကျေနပ်ပါက

အကယ်၍ သင့်ကလေးအား ဆိုင်းငံ့ခြင်းမှာ မလိုအပ်ပါဟု သင်ထင်မြင်ပါက သင့်ကလေးကျောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ အကယ်၍ ကျောင်းနှင့်ညှိနှိုင်း၍ မရနိုင်ပါက ပညာရေးဌာန သုံးစွဲသူ သဘောထားမှတ်ချက် ဌာနစိတ် (Department for Education Customer Feedback Unit) သို့ သင် မကျေနပ်ချက် တိုင်တန်းနိုင်ပါသည်။

- ဖုန်း ၁၈၀၀ ၆၇၇ ၄၃၅ (အခမဲ့)။
- ဝက်ဘ်ဆိုက် https://www.education.sa.gov.au/

  သို့ဝင်ရောက်ပြီး School complaints သို့မဟုတ် Support making a complaint ကိုရှာပါ။

## ပိုမိုသိရှိရန်အတွက် ဆက်သွယ်ရမည့်အသေးစိတ်အချက်များ

ဆိုင်းငံ့ထားသည့် လုပ်ငန်းဖြစ်စဉ်အကြောင်း သင် အောက်ပါအတိုင်း ပိုမိုသိရှိနိုင်သည်-

- ကျောင်းအုပ်ကြီး သို့မဟုတ် အခြား ကျောင်းခေါင်းဆောင်တစ်ဦးနှင့် ရက်ချိန်းယူခြင်း
- သင့်ဒေသခံ ပညာရေးရုံးကို ဆက်သွယ်ခြင်း
- ပညာရေး ဌာန ဖုန်း ၈၂၂၆ ၁၀၀၀ သို့ဖုန်းခေါ်ဆိုခြင်း
- ပညာရေးဌာန ဝက်ဘ်ဆိုက် https://www.education.sa.gov.au/ တွင် ဝင်ရောက်၍ 'suspension' ကိုရှာပါ။

## ထပ်ဆင့် ပံ့ပိုးမှုများ

ထပ်ဆင့်အပို ပံ့ပိုးမှုအတွက် သင် မိဘ အကူအညီဖုန်းလိုင်း ကိုဆက်သွယ်နိုင်သည်။ ဖုန်း ၁၃၀၀ ၃၆၄ ၁၀၀ (၂၄ နာရီ)။

အကယ်၍ သင့်ကလေးသည် တစ်စုံတစ်ယောက်နှင့် စကားပြောဆိုရန် လိုအပ်ပါက အောက်ပါတို့ကို ဆက်သွယ်ရန် အားပေးပါ-

- Headspace

  အသက် ၁၂ နှစ်မှ ၂၅ နှစ် အရွယ် ကလေးများနှင့် လူငယ်များအား စိတ်ကျန်းမာရေး ပံ့ပိုးမှု ဖုန်း- 1800 650 890.

- Kids Helpline

  အသက် ၅ နှစ်မှ ၂၅ နှစ်အရွယ် ကလေးများနှင့် လူငယ်များအတွက် သက်တူရွယ်တူ ပံ့ပိုးမှု၊ ကိုယ်တိုင် ကြည့်ရှုနိုင်သည့် ရင်းမြစ်များနှင့် ဖုန်းနှင့်ဖြစ်စေ အွန်လိုင်းဖြင့်ဖြစ်စေ ဖြေသိမ့်ဆွေးနွေးပေးမှု ဖုန်း- ၁၈၀၀ ၅၅ ၁၈၀၀